# မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန

## မသန်စွမ်းသူများအခွင့်အရေးနှင့် စီးပွားရေးဆိုင်ရာ လုပ်ဆောင်မှုများ

### မိတ်ဆက်ခြင်း

၂၀၁၄ခုနစ်တွင်ထုတ်ပြန်ခဲ့သည့် သန်ခေါင်စာရင်း အစီရင်ခံစာအရ မြန်မာနိုင်ငံရှိ လူဦးရေ ၅၁သန်းတွင် ၄.၆ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်သည်။ [1] ၅၃ရာခိုင်နှုန်းမှာ ကျောင်းသို့ တက်ရောက်နိုင်မှု မရှိပေ။ ဘွဲ့ရရှိသည့်ရာခိုင်နှုန်းမှာ ၂ရာခိုင်နှုန်းအောက်တွင်ရှိသည်။ [2]၁၅ရာခိုင်နှုန်းခန့်သာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ပြီး ကျန်းမာရေးအထောက်အပံ့များကို ၁၀ရာခိုင်နှုန်းအောက်သာ လက်လှမ်းမှီသည်။[3]

မသန်စွမ်းသူများ အဓိကရင်ဆိုင်နေရသည့် စိန်ခေါ်မှုများမှာ ပညာရေးအား လက်လှမ်းမမှီခြင်း၊ ပညာရေး အရည်အသွေး နိမ့်ပါးခြင်း၊ အလုပ်အကိုင်ရှာဖွေရာတွင် စွမ်းဆောင်ရည်မပြည့်ဝခြင်းနှင့် ယုံကြည်မှုမရှိခြင်း၊ သတင်းအချက်အလက်များ မရရှိခြင်း၊ နည်းပညာအထောက်အပံ့နှင့် သယ်ယူပို့ဆောင်ရေး၊ အလုပ်ရှင်များနှင့် လုပ်ဖော်ကိုင်ဖက်များ၏ အပျက်သဘောဆောင်သော စိတ်ထားများ၊ လုပ်ငန်းဌာန အဆောက်အဦးများသို့ လက်လှမ်းမမှီခြင်း နှင့် မသန်စွမ်းသူများအတွက် သင်တန်းအထောက်အပံ့များနှင့် စွမ်းဆောင်ရည်မြှင့်သင်တန်းများမရှိခြင်းတို့ဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၀၁၁ ခုနစ်တွင် မသန်စွမ်းသူများအခွင့်အရေးစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၅ခုနစ်၊ ဇွန်လတွင် မသန်စွမ်းသူများ၏အခွင့်အရေး ဥပဒေကို ပြဌာန်းခဲ့သည်။ အခန်း၁၀ (ပုဒ်မ ၃၅နှင့် ၃၆) [4]၌ မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ကဏ္ဍပါဝင်သည်။ဥပဒေတွင်

---

[1] Department of Population, Ministry of Immigration and Population. (2015, May). Census_Highlights_Report_Eng_2015.pdf. Retrieved September 13, 2016, from http://www.themimu.info/sites/themimu.info/files/documents/Census_Highlights_Report_Eng_2015.pdf

[2] Educational Rights: Committee Acts For Learning Opportunity Of Disabled Children | Myanmar International TV. (n.d.). Retrieved September 13, 2016, from http://www.myanmarinternationaltv.com/news/educational-rights-committee-acts-learning-opportunity-disabled-children

[3] Rights-of-persons-with-disabilities-myanmar.pdf. (n.d.). Retrieved from http://www.sida.se/globalassets/sida/eng/partners/human-rights-based-approach/disability/rights-of-persons-with-disabilities-myanmar.pdf

[4] ပုဒ်မ ၃၅၊ အမျိုးသားကော်မတီ သည်
(က) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး မသန်စွမ်းသူများ အတွက် အခြားသူများနည်းတူ တန်းတူညီမျှ အလုပ်လုပ်ကိုင်ခွင့်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊ အလုပ်ခန့်ထားရာတွင် ခွဲခြားမှု မရှိရေး၊ အဓမ္မအလုပ် စေခိုင်းမှုတားဆီး ကာကွယ်ရေး၊ အလုပ်လုပ်နိုင်သောစွမ်းရည် အလိုက် လုပ်ခလစာနှင့် အကျိုးခံစားခွင့်များ တည်ဆဲဥပဒေနှင့်အညီ ရရှိရေး၊ သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိရေး၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားခွင့်ရရှိရေး၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ

လုပ်ကိုင်နိုင်ရေး၊ သင့်လျော်သောနေရာထိုင်ခင်း သို့မဟုတ် အစီအစဉ်များ ဆောင်ရွက်ပေးရေး နှင့်
ပြန်လည်ထူထောင်ရေးတို့အတွက် မူဝါဒနှင့် စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း နှင့်
ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းအတွက်
အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ နှင့်ပုဂ္ဂလိကအသက်မွေးမှု အထူးသင်တန်းကျောင်းများ
ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်။

(ဂ) အောက်ပါ အခွန်အခကင်းလွတ်ခွင့်၊ သက်သာခွင့်နှင့် ပစ္စည်းများတင်သွင်းခွင့် ရရှိရေးအတွက် တည်ဆဲအခွန်ဆိုင်ရာ
ဥပဒေ၊ နည်းဥပဒေများ လုပ်ထုံးလုပ်နည်းအတိုင်း တင်ပြဆောင်ရွက်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ နှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်-

(၁) မသန်စွမ်းသူများအတွက် ပြည်ပမှ လှူဒါန်းထောက်ပံ့သည့်ငွေကြေးနှင့် ပစ္စည်းများ အပေါ် အခွန်ကင်းလွတ်ခွင့်များ
ရရှိစေရန်၊

(၂) စီးပွားရေးအကျိုးအမြတ်အတွက်မဟုတ်ဘဲ မသန်စွမ်းသူများ အသုံးပြုရန် ပြည်ပမှတင်သွင်းသော
အထောက်အကူပြုပစ္စည်းကိရိယာများ၊ လေ့ကျင့်သင်ကြားရေးပစ္စည်းကိရိယာများနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်းများ
တင်သွင်းခွင့်၊ အခွန်အခ ကင်းလွတ်ခွင့်များ ရရှိစေရန်၊

(၃) မသန်စွမ်းသူများနှင့် မသန်စွမ်းသူများ အသင်းအဖွဲ့များမှ မသန်စွမ်းသူများ အသုံးပြုရန် ထုတ်လုပ်သော
ထုတ်ကုန်ပစ္စည်းများအပေါ် အခွန်အခကင်းလွတ်ခွင့် ရရှိစေရန်၊

(၄) မသန်စွမ်းသူများကို အလုပ်အကိုင်ခန့်ထားပေးသော အဖွဲ့အစည်းများ၊ ကုမ္ပဏီများ နှင့်
ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များသည် သတ်မှတ်ထားသော ဝေပုံကျနှုန်းထားအရေအတွက်ထက်ပို၍ မသန်စွမ်းသူများကို
အလုပ်ခန့်ထားပေးပါက ပို၍ခန့်ထားသော မသန်စွမ်းသူဦးရေအလိုက် အခွန်လျော့ပေါ့ခွင့်ရရှိစေရန်၊

(၅) မသန်စွမ်းသူများကိုယ်တိုင် တည်ထောင်ထားသည့် စီးပွားရေးလုပ်ငန်းများ၊ ယင်းတို့ကိုယ်တိုင်ထုတ်လုပ်သည့်
ကုန်ပစ္စည်းများအတွက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များ ရရှိစေရန်။

၃၆။ အလုပ်ရှင်သည် -

(က) မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့်စပ်လျဉ်း၍ အမျိုးသားကော်မတီက ချမှတ်သောမူဝါဒနှင့်
စီမံချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ခ) အလုပ်ခန့်ထားရာတွင် အလုပ်အကိုင်အမျိုးအစားအလိုက် အလုပ်လုပ်ကိုင် နိုင်စွမ်းရှိသော မသန်စွမ်းသူများကို
သင့်လျော်သော အလုပ်တွင် အမျိုးသားကော်မတီမှ သတ်မှတ်ပေးသော ဝေပုံကျနှုန်းထားအရေအတွက် အတိုင်း
ခန့်ထားရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ အလုပ်ခန့်ထားရာတွင် ဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့်
အလုပ်သမားရှာဖွေရေးရုံးများတွင် မှတ်ပုံတင်ထားသည့် မသန်စွမ်းသူများကို ရွေးချယ်ခန့်ထားရမည်။

(ဃ) မသန်စွမ်းသူများအား အလုပ်ခန့်ထားရာတွင် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိမှုအပေါ်မူတည်၍
လူတွေ့စစ်ဆေးခန့်ထားရေး၊ လုပ်ခလစာနှင့် အလုပ်သမားအခွင့်အရေးများ တန်းတူခံစားခွင့်ရှိရေး၊ ရာထူးတိုးမြှင့်ရေး၊
အလုပ်ခွင်တည်မြဲရေး၊ အခမဲ့အသက်မွေးဝမ်းကျောင်းပညာများ လေ့ကျင့်သင်ကြားခွင့်ရရှိရေးအပါအဝင်
မသန်စွမ်းသူများနှင့် သင့်လျော်သည့် အစီအစဉ်များ ဆောင်ရွက်ပေးရမည်။

(င) ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထားသော ဝေပုံကျနှုန်းထားအရေအတွက်အတိုင်း အလုပ်ခန့်ထားခြင်းမပြုနိုင်လျှင်ဖြစ်စေ၊
အလုပ်ခန့်ထားရန် အခြေအနေမပေးလျှင် သို့မဟုတ် အခွင့်အလမ်းမရှိလျှင်ဖြစ်စေ မသန်စွမ်းသူများ၏
အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေသို့ သတ်မှတ်ထားသော ငွေပမာဏကို
ဝေပုံကျနှုန်းထားအရေအတွက်အတိုင်း ပေးသွင်းရမည်။

ကုမ္ပဏီများသည် မသန်စွမ်းသူများအား သက်မှတ်ထားသော ဝေပုံကျနှုန်းအတိုင်း အလုပ်ခန့်အပ်ရမည် ဖြစ်သည်ဟု ဖော်ပြထားပြီး ( သို့သော်လည်း အမျိုးသားကော်မတီ၏ ဝေပုံကျနှုန်းကို သက်မှတ်ရန် အခွင့်အာဏာနှင့် ပတ်သက်၍ ဥပဒေတွင်ရှင်းလင်းစွာဖော်ပြထားခြင်းမရှိပါ။) သက်မှတ်ထားသော ဝေပုံကျအတိုင်း ခန့်အပ်ထားခြင်းမရှိပါက မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ရန်ပုံငွေသို့ ဒဏ်ကြေးအဖြစ် ထည့်ဝင်ကြရမည်။

ဥပဒေတွင် သက်မှတ်ထားသော ဝေပုံကျထက်ပို၍ မသန်စွမ်းများအားခန့်အပ်ထားသော အလုပ်ရှင်များအား အခွန်ကင်းလွတ်ခွင့်ပေးရန်လည်း အကြံပြုထားပါသည်။

သို့ရာတွင် ဥပဒေ၊စည်းမျဉ်းစည်းကမ်းများတွင် ဝေပုံကျသက်မှတ်သည့်နှုန်းနှင့်ပတ်သက်သည့် မေးခွန်းများအား ဆွေးနွေးရန်၊ အတည်ပြုရန်ကျန်ရှိနေသေးသည်။ တစ်ကမ္ဘာလုံးတွင် မသန်စွမ်းသူများ အတွက် ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများပေးနိုင်ရန် ဝေပုံကျနှုန်း၏ ထိရောက်မှု နှင့် ပတ်သက်၍ ဆက်လက် ငြင်းခုန် ဆွေးနွေးနေရဆဲဖြစ်သည်။ မြန်မာနိုင်ငံသည် ဤကိစ္စရပ်များအတွက် ချဉ်းကပ်ပုံနည်းလမ်း ကို ဆုံးဖြတ်ချက်ချလျှင် အခြားနေရာများမှ အတွေ့အကြုံများကိုအခြေခံ၍ လုပ်ဆောင်လျှင် အကျိုးအမြတ်ရရှိနိုင်သည်။

သေချာသည်မှာ အခြားဒေသများ၌ လည်း အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းအတွက် ပညာရေး၊ ယဉ်ကျေးမှုနှင့် လက်လှမ်းမီခြင်းတို့အပါအဝင် အတားအဆီးများ များစွာရှိနေသေးသည်။ အချို့သောအခက်အခဲများအတွက် ရေရှည်စီမံကိန်းများဆွဲရန်လိုအပ်သည်။ သို့သော်လည်း မသန်စွမ်းသူများ ပါဝင်နိုင်မှုကို မြှင့်တင်ရန် ရေတိုလုပ်ဆောင်နိုင်သည်များလည်း ရှိပါသည်။

ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ သည် ၎င်းတို့၏ အစီအစဉ်များ၌ မသန်စွမ်းမှု ကို ပင်မကိစ္စရပ် အဖြစ် ဆောင်ရွက်ကြသည်။ ဤသည်မှာ သူတို့၏ CPRD ကတိကဝတ်ပြုထားသည့် ဝတ္တရားများ အတိုင်း လုပ်ဆောင်ကြခြင်းဖြစ်သည်။ သို့ရာတွင် ၎င်းတို့အနည်းငယ်သာ မသန်စွမ်းသူများနှင့် စီးပွားရေး/အလုပ်အကိုင်နှင့် ပတ်သက်သည့် ကိစ္စရပ် များ ကို ဖြေရှင်းကြသည်။

---

(စ) ပုဒ်မခွဲ (ခ) အရ အလုပ်ခန့်အပ်ထားသော မသန်စွမ်းအလုပ်သမား သို့မဟုတ် ဝန်ထမ်းဦးရေစာရင်းကိုလည်းကောင်း၊ အလုပ်ခန့်ထားရန်ရှိသော လစ်လပ်သည့် အလုပ်အကိုင်စာရင်းကို လည်းကောင်း ဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများသို့ ပေးပို့ရမည်။

**မသန်စွမ်းသူများနှင့်စီးပွားရေး နှင့် ပတ်သက်သည့် MCRB ၏လုပ်ဆောင်ချက်များ**

MCRB သည် တာဝန်ယူမှုရှိသောစီးပွားရေးကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများ ရေရှည်အကျိုးစီးပွားအတွက် လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းဟု သက်မှတ်သောကြောင့်၊ သန်စွမ်းသူများ ပါဝင်သော လုပ်ဆောင်မှု အစီအစဉ်များသည် အစိတ်အပိုင်းတစ်ခုဖြစ်သည်။

လုပ်ဆောင်ခဲ့သည့် အစီအစဉ်များမှာ

- နားမကြားသူများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ၏ နားမကြားမှု အရင်းအမြစ် စင်တာ နှင့်ပူးပေါင်း၍ မြန်မာ့နိုင်ငံနှင့်ကိုက်ညီမှုရှိသော စီးပွားရေးလုပ်ငန်းများ၏ လူမှုတာဂန်ယူမှု နှင့် မသန်စွမ်းမှု လက်စွဲလမ်းညွှန်စာအုပ်အား မြန်မာဘာသာပြန်ဆိုခဲ့ပြီး မသန်စွမ်းသူများ ကို အလုပ်သမားများနှင့် စားသုံးသူများအဖြစ် ပိုမိုပါဝင်လာစေနိုင်ရန် မည်ကဲ့သို့ လုပ်ဆောင်ရမည် ကို ဖော်ပြထားသည်။ ဤစာအုပ် ကို ဇူလိုင်၂၀၁၄ခုနစ်တွင် MDCDA ပွဲတွင် ဖြန့်ချိခဲ့သည်။ ဤလမ်းညွှန်စာအုပ်သည် ယခင်က ဥရောပ နှင့် ကိုက်ညီမှု ရှိရန် EU ၏ ငွေကြေးအထောက်အပံ့ဖြင့် ရေးဆွဲခဲ့ခြင်း ဖြစ်သည်။ စက်တင်ဘာ ၂၀၁၆ခုနစ်တွင် စာအုပ် ၂၅၀၀ အားပုံနှိပ်ခဲ့ပြီး ၂၃၀၀ ကျော်အား MCRB မှပြုလုပ်သောအစည်းအဝေးပွဲများ သို့ တက်ရောက်လာသူများ ၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ MDCDA ၏ကွန်ရက်မှတဆင့်ဖြန့်ဝေခဲ့သည်။ MCRB ဝက်ဘ်ဆိုဒ်မှလည်း ၅၈၃ ကြိမ်ဒေါင်းလုပ် ပြုလုပ်ခဲ့သည်။
- ဒေသတွင်း မသန်စွမ်းသူ အဖွဲ့အစည်းများ ထံသို့ ပြန်လည်သုံးသပ်ချက်များ နှင့် အကြံပြုချက်များ ပံ့ပိုးပေး ခြင်း၊ ဥပမာ မျှတမှုရှိသော ကုန်စည်ရောင်းဝယ်မှု (MDCDA) ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်း ၏ ဆောင်ရွက်မှုများ (MILI) နှင့် ၎င်းတို့အား စီးပွားရေးလုပ်ငန်းများ အား ဆက်သွယ်နိုင်မည့် အသေးစိတ် အချက်အလက်များ နှင့် DPOs များ ရန်ပုံငွေ လျှောက်ထားရာသည့် လျှောက်လွှာများကို ထောက်ပံပေးခြင်း (ဥပမာ - စီးတီးမတ် ဖောင်ဒေးရှင်း) နှင့် ထိုသို့သော အဖွဲ့အစည်းများ ကို အခြားသော အဖွဲ့အစည်းများ နှင့် ချိတ်ဆက် ဆက်သွယ်ပေးခြင်း ဥပမာ - Asian Peoples' Disability Alliance (UK)။
- ဒေသတွင်း မသန်စွမ်းသူ အဖွဲ့အစည်းများ မှ ဦးစီးလုပ်ကိုင်သည့် ပွဲများတွင် တက်ရောက်ခြင်း၊ အမျိုးသား အဆင့် မသန်စွမ်းသူများ ဆွေးနွေးပွဲ (ဇန်နဝါရီ ၂၀၁၄) ၊ မဲခေါင်နိုင်ငံများ တွင် မသန်စွမ်းသူများ ပါဝင်သော စီးပွားရေးလုပ်ငန်း ၏ အတွေ့အကြုံ ဝေမျှဖလှယ်ခြင်း

အလုပ်ရုံဆွေးနွေးပွဲ ( မတ်လ ၂၀၁၄ ပွဲအား MILI မှ ဦးစီးဆောင်ရွက်ခဲ့သည်) ၊ ABILIS/MDCDA မှ ပြုလုပ်သော အလုပ်အကိုင်အခွင့်အလမ်း နှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲ (ဂျူလိုင်လ ၂၀၁၄) ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ ကောင်စီ ၏ သုတေသန အတွေ့အကြုံ ဝေမျှခြင်း (ဇန်နဝါရီ ၂၀၁၆)။

- MCRB ၏ စီးပွားရေး နှင့် လူ့အခွင့်အရေး လမ်းညွှန်ချက် တွင် မသန်စွမ်းသူများအား ထည့်သွင်းခြင်း နှင့် ကဏ္ဍလိုက် သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း အထူးသဖြင့် ICT ကဏ္ဍ တွင် မြန်မာနိုင်ငံ အိုင်စီတီ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်း (MIDO) နှင့် Nirmita Narasimhan တို့နှင့် e-accessibility ([www.e-accessibilitytoolkit.org](http://www.e-accessibilitytoolkit.org)) ရရှိနိုင်မှု ကို လုပ်ကိုင်ဆောင်ရွက်လျှက်ရှိသည်။ ထို့အပြင် ကမ္ဘာ့ဘဏ် တယ်လီဆက်သွယ်ရေး နှင့် တစ်ကမ္ဘာလုံးဆိုင်ရာ လက်လှမ်းမီရေး (Universal Access with World Bank telecoms TA) နှင့် အားလုံးအတွက် အခွင့်အလမ်း ရယူရရှိနိုင်မှု [Access for All Initiative - A4AI] နှင့် ပတ်သတ်၍ ဆက်လက် လုပ်ဆောင်လျှက် ရှိပါသည်။
- စကားဝိုင်း ဆွေးနွေးပွဲများ ၊ သင်တန်းများ နှင့် စီးပွားရေးလုပ်ငန်းများ နှင့် တွေ့ဆုံ ဆွေးနွေးပွဲများ တွင် 'မသန်စွမ်းသူများ ပါဝင်မှုရှိရေး' အကြောင်းအရာ ကို လူ့အခွင့်အရေး ကိစ္စတစ်ရပ် အဖြစ် အသိပညာပေးခြင်း။ (ဥပမာ - စက်တင်ဘာလ ၂၀၁၆ တွင် ပြုလုပ်ခဲ့သော မြန်မာကုမ္ပဏီများ အတွက် လူ့အခွင့်အရေး မူဝါဒပိုင်း ဆိုင်ရာ လေ့ကျင့်ပေးမှု)
- ၂၀၁၅ ဥပဒေ ၏ နည်းဥပဒေများ ဆိုင်ရာ အပေါ် လူမှုဖူလုံရေးဌာန ထံသို့ နည်းပညာပိုင်းဆိုင်ရာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ကို အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်း အနေဖြင့် ထောက်ပံ့မှု ပေးရန် တိုက်တွန်း အားပေးခြင်း ၊ ထို့အပြင် အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်း ၏ အလုပ်သမား ဥပဒေ လမ်းညွှန်ချက်တွင် လည်း ၎င်းဥပဒေအား ထည့်သွင်းခြင်း ပြုရန်။
- မသန်စွမ်းသူများ ၏ အခွင့်အရေး နှင့် အသိမှတ်ပြုခြင်း တို့ကို အခွင့်အလျှင်း သင့်သလို ကုမ္ပဏီများက တိုးမြှင့်လုပ်ဆောင်ရန် လည်း တိုက်တွန်းအားပေးခြင်းများ ဥပမာ - 7 Day News နှစ်စဉ် နိုင်ငံသား ဆုချီးမြှင့်မှုများ ၊ မြန်မာနိုင်ငံ ဟိုတယ် နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန မှ ထုတ်ပြန်ထားသော မသန်စွမ်းသူများနှင့် ပတ်သက်၍ အခေါ်အဝေါ် အသုံးအနှုန်းများ ဆိုင်ရာ ဧည့်လမ်းညွှန်စည်းမျဉ်းစည်းကမ်းများ၊ အော်ရီဒူး ၏ လူမှုတာဝန်ယူမှု အသုံးစရိတ်၊ ကိုကာကိုလာကုမ္ပဏီ သည် ၎င်း၏ အစိုးရသို့ အစီရင်ခံခြင်း။
- business disability international (bdi) နှင့် ဩဂုတ်လ ၂၀၁၆ တွင် မဟာမိတ်ဖွဲ့ ခဲ့ပါသည်။ bdi အဖွဲ့အစည်း သည် ကမ္ဘာတဝန်းရှိ စီးပွားရေးလုပ်ငန်းများ ကို မသန်စွမ်းသူများအား ပိုမိုထည့်သွင်းစဉ်းစားမှု ရှိလာရန် ဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်သည်။ [5]

[5] [“MCRB has entered into a ‘strategic alliance’ with Business Disability International (bdi).”]()

- MCRB ၏ ဝဘ်ဆိုဒ်အနေဖြင့် ဝဘ်ပေါ်ရှိ သတင်းအချက်အလက်များ ရယူရရှိနိုင်မှု လမ်းညွှန်ချက်များ [6] ဦးစားပေးမှု အဆင့် ၁ နှင့် အညီ ဖြစ်တည်မှု ရှိ၊မရှိအား သေချာအောင် ပြုလုပ်ခြင်း။
- ဖွံ့ဖြိုးရေး မှ မိတ်ဆက် အဖွဲ့အစည်း အနေဖြင့် ၎င်းတို့၏ အစီအစဉ်များတွင် မသန်စွမ်းသူများ ထည့်သွင်းရန် တိုက်တွန်းအားပေးခြင်း ။ ဥပမာ - အသက်မွေးဝမ်းကြောင်း ဆိုင်ရာ လေ့ကျင့်ပေးမှုများ ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ အစည်း အား အထောက်အပံပေးခြင်း။
- မသန်စွမ်းသူများ အတွက် လူမှုရင်းနှီးမြှပ်နှံမှုများ နှင့် ပရဟိတလုပ်ငန်း များမှ ငွေကြေးအထောက်အပံ ရရှိနိုင်မည့် အခွင့်အလမ်းများ အား ရှာဖွေဖော်ထုတ်ခြင်း။

**MCRB ၏ ၂၀၁၆ - ၂၀၁၈ မဟာဗျူဟာ**

အတွေ့အကြုံ နှင့် ယနေ့ထိဆောင်ရွက်လျှက်ရှိသော လုပ်ဆောင်မှုများ အပေါ်တွင် အခြေခံ၍ ၂၀၁၅ ဥပဒေ ချမှတ်ထားသည်ကို အသိအမှတ်ပြုလျှက် ယခုအချိန်တွင် အများယုံကြည် လက်ခံနိုင်သည့် မူဘောင်တစ်ခု အကောင်အထည်ဖော်ရာတွင် အထောက်အပံပေးနိုင်မည့် အခွင့်အရေးတစ်ရပ်ရှိသည်ကို ယုံကြည်ပါသည်။ MCRB အနေဖြင့် ၂၀၁၆ - ၂၀၁၈ တွင် စီးပွားရေးလုပ်ငန်းများ မှ မသန်စွမ်းသူများ ပါဝင်မှု ကို တိုးမြှင့်ဆောင်ရွက်မှု ရှိလာစေရန် ပိုမို တက်ကြွစွာ နှင့် မဟာဗျူဟာမြောက် ချဉ်းကပ်မှုမျိုး ကို အောက်ပါ ရည်မှန်းချက်များ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။

၁။ မသန်စွမ်းသူများ အား အလုပ်ခန့်အပ်ခြင်း ဆိုင်ရာ စီးပွားရေး နှင့် လူ့အခွင့်အရေးများ ကိစ္စရပ်များ ကို တိုးမြှင့်လုပ်ဆောင်ခြင်း။ [7]

၂။ မသန်စွမ်းသူများ၊ စီးပွားရေးလုပ်ငန်းများ နှင့် အစိုးရ ပိုင်းဆိုင်ရာ လည်း ပါဝင် သည့် နိုင်ငံလုံးဆိုင်ရာ ကဏ္ဍပေါင်းစုံမှ ပတ်သက်ဆက်နွယ်သူများ ဆွေးနွေးပွဲအား ဖြစ်မြောက်အောင် စီမံခြင်း။ အခြားသော နိုင်ငံများ ထံမှ အတွေ့အကြုံများ ကို ယူ၍ ဥပဒေပြုရေး မူဝါဒနှင့် အခြားသောနည်းလမ်းများဖြင့် - စီးပွားရေးလုပ်ငန်းများ နှင့် မသန်စွမ်းသူများ အနေဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိသော ချဉ်းကပ်မှုဖြင့် မသန်စွမ်းသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမှု နှင့်

---

[6] http://www.w3.org/TR/1999/WAI-WEBCONTENT-19990505/checkpoint-list
[7] http://www.businessanddisability.org/index.php/en/boxes/114-the-business-and-human-rights-case-for-hiring-people-with-disabilities

ခွဲခြားဆက်ဆံမှု အဆုံးသတ်ခြင်း တို့ကို မည်သို့အောင်မြင်ရန် လုပ်ဆောင်နိုင်မည် ကို ဆွေးနွေးကြမည်။ [8]

၃။ အခြားသောသူများ ဦးဆောင် လှုပ်ရှားနေသော မသန်စွမ်းများ အတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးမြှင့်လာစေရန် အတွက် လေ့ကျင့်ပေးခြင်းများ ၊ အလုပ်အကိုင်နေရာ ရှာဖွေပေးခြင်းများ ကို တိုက်တွန်းအားပေးခြင်း၊ ထိုထဲတွင် ဖွံ့ဖြိုးရေးအထောက်အပံ့ပေးသည့် အဖွဲ့အစည်းများ လည်း အပါအဝင်ဖြစ်သည်။

၄။ မသန်စွမ်းသူများ အပါအဝင် အားနည်းချက်တစုံတရာ ရှိသော အဖွဲ့များ အားလုံး ကို စီးပွားရေးလုပ်ငန်းများ မှ ခွဲခြားဆက်ဆံမှုများ လျှော့ချနိုင်ရန် လှုပ်ရှားမှုများ ကို အထောက်အပံပေးခြင်း။

ထို လုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်များ သည် MCRB အစီအစဉ်များ ၂၀၁၆-၂၀၁၈ မှန်းဆထားသည်ထက် ပိုမိုသာလွန်မှု ရှိနေပါက MCRB အနေဖြင့် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ နှင့် ကုန်ကျမှုများ အား ဝေမျှကုန်ကျသွားမည် ဖြစ်သည်။

**MCRB အနေဖြင့် ၂၀၁၆၊ ၂၀၁၇ အတွက် အဆိုပြုတင်သွင်းထားသည့် လုပ်ငန်းဆောင်တာများ**

**စီးပွားရေးလုပ်ငန်းများ နှင့်**

- မြန်မာနှင့် နိုင်ငံခြားစီးပွားရေးလုပ်ငန်းများအား မသန်စွမ်းသူများ အရေးကိစ္စရပ်အား လူ့အခွင့်အရေး ကိစ္စရပ် တစ်ရပ် အဖြစ် အသိပညာမြှင့်တင်မှုများ လုပ်ဆောင်ရန်။ (ဤသည်မှာ အလုပ်သမားများ ရော စားသုံးသူများ အခွင့်အရေး ပါ ပါဝင်သည်။)
    - MCRB ၏ စီးပွားရေး နှင့် လူ့အခွင့်အရေး လမ်းညွှန်ချက် ပါ အချက်အလက်များ ( မန်မာနိုင်ငံ ၏ ကောင်းမွန်သော အလေ့အကျင့်ကောင်းဥပမာ များ အတွက် လမ်းကြောင်း တစ်ရပ် အနေဖြင့် ၎င်းကို အသုံးပြုခြင်း အပါအဝင်) ထိုနည်းတူ Business Disability International (bdi), အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်း (ILO), UNGC, စီးပွားရေးလုပ်ငန်းများ၏ လူမှုတာဝန်ယူမှု လမ်းညွှန်ချက် (CSR-D Guidebook),
    - အောက်ပါ အခင်းအကျင်းများမှတဆင့်
        - MCRB ၏ စီးပွားရေးလုပ်ငန်းများ အတွက် သင်တန်းများ
        - MBCA ဒေသတွင်း ရုံးများ

[8] သီရိလင်္ကာ၊ ပီရူး နှင့် ဘင်္ဂလားဒေ့ရှ်၊ ဩစတြေးလျ၊ မော်ရီတေးရိ(စ်)၊ အင်ဒိုနေရှီးယား နှင့် ဗြိတိန်ကိုလန်ဘီယာ တို့ ထံမှ အတွေ့အကြုံများသည် စိတ်ဝင်စားစရာကောင်းလှသော ဥပမာများပင်ဖြစ်သည်။

    - UN Global Compact Local Network
    - နိုင်ငံတကာ အခြေစိုက် ကုမ္ပဏီများ နှင့် MCRB/ILO သုံးလတစ်ကြိမ် တွေ့ဆုံမှု
    - ကုန်သည်ကြီးများ အသင်း ၊ ဩစတြေးလျ-မြန်မာ ကုန်သည်များအသင်း တာဝန်ယူမှုရှိသော ရင်းနှီးမြှပ်နှံမှု ဖော်ဆောင်ရေး အဖွဲ့အပါအဝင်
- အရေးပါသော အလုပ်ရှင်များ အား ဖော်ထုတ်ခြင်း ( မြန်မာ နှင့် နိုင်ငံခြားပြည်ပ မှ ) နှင့်
    - မသန်စွမ်းသူများ အဖွဲ့အစည်း ခေါင်းဆောင်များ နှင့် ၎င်းတို့အား ချိတ်ဆက်ပေးခြင်း
    - မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိမှု အတွက် တည်ရှိနေသည့် အတားအဆီးများကို ဖယ်ရှားရန် စိတ်ပါဝင်စားမှု ရှိသော စီးပွားရေးလုပ်ငန်း ခေါင်းဆောင်များ၊ ကုမ္ပဏီများ ပါဝင်သော အမျိုးသား အဆင့် မသန်စွမ်းသူများ ကွန်ရက် ဖွဲ့စည်းခြင်း ကို အားပေးရန်။ ဥပဒေအရ လိုအပ်သည်ထက် ပိုမို၍ လုပ်ဆောင်မှု။
    - ထိုသို့ ဖွဲ့စည်းထား သည့် အဖွဲ့ကို အစိုးရထံ သို့ အကြံပြုခြင်းများ လုပ်ဆောင်ရန် တိုက်တွန်း အားပေးခြင်း (အမျိုးသား ကော်မတီ တွင် နေရာ တစ်နေရာ သို့မဟုတ် အကြံပြုခြင်းများ လုပ်ဆောင်ခြင်း)
- မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ကို  မသန်စွမ်းသူများ ပါဝင်မှု နှင့် ပတ်သက်၍အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်းထံမှ အကြံဉာဏ် အထောက်အပံ့များ ရယူရန် တိုက်တွန်းအားပေးခြင်း။

**မသန်စွမ်းသူ အဖွဲ့အစည်းများ**

- မသန်စွမ်းသူများ ကို လေ့ကျင့်ပေးခြင်း၊ အလုပ်ခန့်ထားခြင်း တို့ပြုလုပ်ရန်  အတွက် စီးပွားရေး လုပ်ငန်းများ မှ ကမ်းလှမ်းချက်များကို ပြန်လည် တုန့်ပြန် နိုင်ရန် မသန်စွမ်းသူများ အလုပ်အကိုင်ကွန်ရက်ပေါ်ပေါက်ရန် သို့မဟုတ် အလားလာ ရှိသော သူများ ကို လေ့ကျင့်ပေးနိုင်ရန် မသန်စွမ်းသူ အဖွဲ့အစည်းများ နှင့် ဆွေးနွေးခြင်း။
- ခွဲခြားဆက်ဆံမှုကို ပိုမိုသေချာစွာ နားလည်လာစေရန် နှင့် မသန်စွမ်းသူများ အပေါ် ယုံကြည်မှု ရှိလာစေရန် မသန်စွမ်းသူများ မှ ဦးဆောင်နေသည့် လက်ရှိ သင်တန်းများ၊ အသစ်သစ်သော သင်တန်းများ နှင့် ကုမ္ပဏီများ မှ ပေးအပ်သော သင်တန်းများတွင် MCRB အနေဖြင့် မည်သည့် နေရာမှ အကူအညီအထောက်အပံ့ပေးနိုင်မည် ဆိုသည်များ ကို ဆွေးနွေးရန်။ မသန်စွမ်းသူ အဖွဲ့အစည်းများ ကို ရန်ပုံငွေများ လက်လှမ်းမီနိုင်ရန် ကူညီပေးခြင်း ဥပမာ - ပရဟိတလုပ်ငန်းများ ၏ ငွေကြေးအထောက်အပံ့များ ကို ရရှိစေရန်။ (NB new AVPN office)
- UNCPRD ၏ လူမှုအဖွဲ့အစည်းများ အစီရင်ခံစာ တွင် စီးပွားရေး ဆက်နွယ်သည့်  အချက်များ ကို ပါဝင် ထောက်ပံ့ ဖြည့်ဆည်းပေးခြင်း။

**ကဏ္ဍအသီးသီးမှ ပါဝင်ပတ်သက်ဆက်နွယ်သူများ**

- မသန်စွမ်းသူများ အလုပ်အကိုင်များ ရရှိမှု တွင် အတားအဆီးဖြစ်နေသည်များ ကို ဖယ်ရှားပေးရန် ပါဝင်ပတ်သက်ဆက်နွယ်သူများ နှင့် ဆွေးနွေးခြင်းကို ၂၀၁၆ Q4 သို့မဟုတ် ၂၀၁၇ Q1 တွင် တိုးမြှင့်လုပ်ဆောင်ရန်။
    - ၃ ရက် မတ်လ ၂၀၁၇ CRPD ၏ ၁၀ နှစ်ပြည့် လတ်မှတ်ရေးထိုးခြင်း နှင့် ဖြစ်နိုင်ပါက ချိတ်ဆက် ခြင်း
- ဤအရာကို အသုံးချ၍ မသန်စွမ်းသူများ ၏ လုပ်ငန်းခွင် သို့ လက်လှမ်းမီမှု များ ကို တိုးတက်လာစေမည့် လိုအပ်သည့် အထောက်အပံ့ ပေးမှုများ ၊ ရေတို ဥပဒေရေးဆွဲရာတွင် နှင့် မူဝါဒ အပြောင်းအလဲများ ကို ဖော်ထုတ်ရန်ပင် ဖြစ်သည်။ (ထိုထဲတွင် မသန်စွမ်းသူများ ဥပဒေ၊ နည်းဥပဒေများ ၌ အများယုံကြည်စိတ်ချလောက်သော အတိုင်းအတာပမာဏများ ၊ ထိုနည်းတူစွာ ဥပမာအားဖြင့် building code၊ ကျွမ်းကျင်သက်မွေးမှု အလုပ်အကိုင်များ နှင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ၊ လေ့ကျင့်သင်တန်းပေးခြင်း၊ အကျိုးမြတ်မယူသော လုပ်ငန်းဆောင်တာ အစရှိသည်တို့သို့ လက်လှမ်းမီရန် အဟန့်အတား ဖြစ်နေသော ကန့်သတ်ချက်များ ကို ဖယ်ရှားခြင်း တို့ပင်ဖြစ်သည်။)
- မသန်စွမ်းအဖွဲ့အစည်းများ နှင့် စီးပွားရေးလုပ်ငန်းခေါင်းဆောင်များ မှ အစိုးရ နှင့် လွှတ်တော်သို့ အားပေးနိုးဆော်မှုများအား အထောက်အပံ့ပေးရန်။
- အခြားသော ရေတိုလုပ်ဆောင်ချက်အား ဖော်ထုတ်ရန်။ ဥပမာ - စီးပွားရေး- မသန်စွမ်းသူများအား လေ့ကျင့်ရေးသင်တန်းများ၊

MCRB ၏ ထုတ်ပြန်ထားသော စာရွက်စာတမ်းများ

- လူမှုတာဝန်ယူမှု လမ်းညွှန်ချက် နောက်ဆုံးပြင်ဆင်ချက်တွင် လူဦးရေစာရင်း အချက်အလက် နှင့် ဥပဒေအသစ်လည်း ပါဝင်မည်။ (ခေါင်းစဉ်ပြောင်း။)
- MCRB ၏ ခွဲခြားဆက်ဆံခြင်း အကြမ်းဖျင်းစာတမ်း ထဲတွင် မသန်စွမ်းသူများအား ပါဝင်ထည့်သွင်းမှု ကိုလည်း ထည့်သွင်းရေးသားရန်။ (H1 2017)

**ပါဝင်ပတ်သက်ဆက်နွယ်သူများ**

**မသန်စွမ်း အဖွဲ့အစည်းများ**

- မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်။ MFPD [9]
- Myanmar Independent Living Initiative
- မြန်မာနိုင်ငံ နားမကြားသူများ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်း/နားမကြားသူများ အရင်းအမြစ်စင်တာ
- ရန်ကုန်နားမကြားသူများ အသင်းအဖွဲ့
- ရွှေမင်းသားဖောင်ဒေးရှင်း
- မြန်မာနိုင်ငံ ကိုယ်လက်အင်္ဂါချို့ယွင်းသူများ အသင်းအဖွဲ့
- မြန်မာနိုင်ငံ အမျိုးသမီးမသန်စွမ်းသူများအရေး အသင်းအဖွဲ့
- မြန်မာနိုင်ငံ ခရစ်ယာန် မျက်မမြင် အဖွဲ့ဝင်
- မြန်မာနိုင်ငံ စိတ်ပိုင်းဆိုင်ရာချွတ်ယွင်း အသင်းအဖွဲ့
- ထက်မြက်သည့် မသန်စွမ်းကလေးငယ်များ မိသားစု ကွန်ရက်
- မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်း
- အေဒင် စင်တာ
- Myanmar Down Syndrome Association
- အခြားသော?

**အခြားသော မြန်မာနိုင်ငံတွင်း အဖွဲ့အစည်းများ**

- ညီမျှခြင်း မြန်မာ။
- မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အထူးသဖြင့် ဒေါက်တာ ဉာဏ်ဇော် ၊ ဦးစစ်နိုင် ၊ ဒေါက်တာ ဒေါ်သန်းနူး။
- မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း။

**အစိုးရ**

- အမျိုးသား ကော်မတီ အနေဖြင့် မသန်စွမ်းသူများ အခွင့်အရေး အတွက် ၂၀၁၅ ဥပဒေအောက်အရ မသန်စွမ်းသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်း နှင့် အကျိုးအမြတ်တန်းတူညီမျှ ရရှိနိုင်မှု ကို ပြုလုပ်ဆောင်ရွက်ရမည် ဖြစ်သည်။ ( များမကြာမီ အချိန်အတွင်း မှ အဖွဲ့ဝင်များကို ရွေးကောက်တင်မြှောက် နေဆဲ လုပ်ငန်းစဉ်မှာသာ ရှိနေသေးပြီး ဖွဲ့စည်းခဲ့ပြီး ဟုတ်မဟုတ်မှာ သေချာအောင် ပြုလုပ်ရဦးမည်။)

---

[9] Elected April 2016 (1) Mr.Aung Ko Myint ( Chair) (2) Mr Myat Thu Win ( General Secretary) (3) Ms Nan San San Myint ( Treasurer) (4) Ms Yadana Aung (5)Mr.Myo Min Htwe (6)Mr. Naing Lin (7) Mr.Wai Yan Phyo (8) Mr.Thein Zaw (9)Ms.Khin Myo Su (10) Mr.Moe Zin (11) U Gan Phan (12) Mr.Nay Myo Naing (13) Mr.Nay Htun (14) Ms.Soe Moe oo (15) Dr.Ko Ko oo (16) Mr Aye Ko ko (17) Rev.Thein Lwin (18) Mr. Aung Lwin Oo (19) Dr.Myo Myat Maung (20) Ms.Aye Tinza Maung

- လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန
- ကျန်းမာရေး ဝန်ကြီးဌာန
- အလုပ်သမား ဝန်ကြီးဌာန
- ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန
- ဆောက်လုပ်ရေး ဝန်ကြီးဌာန
- အခြားသော သက်ဆိုင်သည့် ဝန်ကြီးဌာန

**စီးပွားရေးလုပ်ငန်း**

- မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များ အသင်း
- မြန်မာနိုင်ငံ စားဖိုးမှူးများ အသင်း
- မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ ၊ ကမ္ဘောဇ၊ ရွှေနန်းတော် ကျောက်မြတ်ရတနာဆိုင်၊ ၁၈၇၆ ဖုန်းဆက်သွယ်ရေး စင်တာ၊ စိုးစံ အိမ်ခြံမြေ၊ အာရှမြေ အိမ်ခြံမြေ။
- နိုင်ငံခြား စီးပွားရေးလုပ်ငန်းရှင်များ၊ တယ်လီနော၊ Nestle၊၊ H&M၊ ဟိုတယ်ကြီးများ။
- ကုလသမ္မဂ ကမ္ဘာ့လုံးဆိုင်ရာ ကတိကဝတ် ဒေသတွင်း ကွန်ရက်။ [10]
- အခြားသော စိတ်ဝင်စားသည့် ဝန်ထမ်းအရေအတွက်များပြားသည့် စီးပွားရေးလုပ်ငန်းများ (UNGC အဖွဲ့ဝင်ကုမ္ပဏီများ အနေဖြင့် ဝန်ထမ်းအရေအတွက် ကို UNGC ဝဘ်ဆိုဒ် တွင် ကြည့်ရှုနိုင်ပါသည်။)

**ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်အဖွဲ့အစည်းများ**

- Action Aid
- AAR Japan (Salai David)
- Disability Rights Fund
- FHI360 (USAID)
- Handicap International
- HelpAge (LIFT)
- International Labour Organisation (ILO) (including ILO Business and Disability Network[11] which links globalcompanies, national networks and employer federations who are active on disability)
- IPACE
- Leprosy Foundation (EU)
- Lutheran World Federation/ AZEECON[12]

---

[10] UNGC HQ is planning a Guide for Business on the Convention on the Rights of Persons with Disabilities and seeking case studies https://www.unglobalcompact.org/take-action/action/disability

[11] အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်း စီးပွားရေး နှင့် မသန်စွမ်းသူများ ကွန်ရက်

[12] http://azeecon.org/towards-disability-inclusive-development/

- Nippon Foundation

## MCRB အနေဖြင့် အဆက်အသွယ် ရှိသည့် ကျွမ်းကျင်ပညာရှင်များ

- စိုင်းကြည်ဇင်စိုး (မြန်မာနိုင်ငံတွင်း မသန်စွမ်းသူများ ပါဝင်မှု ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ သုတေသန ပြုစုခြင်း ဆစ်ဒနီ တက္ကသိုလ် ၏ ပါရဂူဘွဲ့ ကိုယ်စားလှယ်လောင်း [13] ယခင် Action Aid ၏ မသန်စွမ်းသူများ နှင့် လူ့အခွင့်အရေး စီမံကိန်း ဆောင်ရွက်သူ ၊ အနာကြီးရောဂါ နှင့် ပတ်သက်သည့် တာဝန်ဆောင်ရွက်သည့်အဖွဲ့။)
- Shuaib Chalken ၂၀၁၄ခုနှစ် အဆုံးအထိ မသန်စွမ်းသူများအခွင့်အရေး နှင့် ပတ်သက်သည့် ကုလသမဂ္ဂ၏ အထူးအစီရင်ခံစာတင်သူ အဖြစ်ဆောင်ရွက်ခဲ့သည်။ မနှင်း အနေဖြင့် သူ၏ ကြီးကြပ်မှုအောက်တွင် ၂၀၁၁ တွင် အလုပ်သင်အဖြစ် ၎င်း၏ မွေးနေရပ်မြို့ ဖြစ်သည့် Cape Town တွင် လုပ်ဆောင်ခဲ့သည်။ Contact of Hnin.
- ဒေါက်တာ တွမ် ရှိတ်စပီးယား သည် ယူကေနိုင်ငံ ၏ Drill (Disability Research on Independent Living and Learning)အတွက် ဗဟိုသုတေသနလုပ်ငန်း ကော်မတီ ၏ ဥက္ကဋ္ဌ ဖြစ်ပြီး [senior lecturer in medical sociology at Norwich medical school, University of East Anglia] University of East Angliaၤ Norwich ဆေးကျောင်းတွင် လူမှုဆေးပညာဘာသာရပ်တွင် ကထိက ဖြစ်သည်။ ဗစ်ကီ၏ ကောလိပ်ကျောင်းနေ သူငယ်ချင်း ဖြစ်သည်။ [College friend of Vicky, wheelchair] [14]
- ဂျိန်း ကော်ဒယ် ၊ ညီမျှခြင်း ၊ ဗစ်ကီ၏ ယခင် FCO ကောလိပ်မှဖြစ်သည်၊ မသန်စွမ်းသူများကို လည်း အလုပ်အကိုင်ရရှိရာတွင် ပိုမိုယုံကြည်မှု ရှိလာစေရန် လည်းလေ့ကျင့်ပေးလျှက်ရှိသည်။ [15]
- **Susan Scott-Parker**, Business Disability International
- **Michael Jeewa**, co-founder and joint CEO of the **Asian People's Disability Alliance (APDA),** a UK based user-led organisation of disabled people (Burma born)
- ကေတီ ရိုင်လီ သည် အလွတ်တန်း မသန်စွမ်းသူများ၊ ပါဝင်မှု ကျွမ်းကျင်ပညာရှင် ဖြစ်သည်။ မကြာသေးမီ ကပင် ရန်ကုန်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

---

[13] http://sydney.edu.au/global-health/news-events/2016/news-story-24.php

[14] https://www.theguardian.com/profile/tomshakespeare

[15] http://gettingequal.com/

**အခြားအဖွဲ့အစည်းများမှ မသန်စွမ်းသူများ အတွက် လေ့ကျင့်ပေးမှု အစပြုဆောင်ရွက်နေသည်များ နှင့် လုပ်ကိုင်နိုင်မှု စွမ်းရည် မြှင့်တင်တည်ဆောက်ခြင်း။ (ထပ်ဖြည့်ရန်)**

- ရွှေမင်းသာဖောင်ဒေးရှင်းမှ ဦးဆောင်ကျင်းပသည့် မြန်မာနိုင်ငံတွင် အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ လမ်းညွှန်ပြသသည့် အဖွဲ့(Job Coach Coalition Myanmar)
- ၂၀၁၄ စီမံချက် ၆ လ၊ ပြင်သစ် ငွေအထောက်အပံ့ဖြင့် မသန်စွမ်းသူ အယောက် ၄၀ အား အဖွဲ့ ၃ ဖွဲ့ ခွဲကာ မြန်မာအထည်ချုပ်လုပ်ငန်းရှင်များ အသင်းမှ မြန်မာအထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စင်တာ မှ သင်တန်းပေးအပ်ခြင်း ဖြစ်သည်။ ထို အယောက် ၄၀ ထဲမှ ၃၃ ယောက်သည် စက်ရုံ ၂ ခု တွင် အလုပ်ခန့်အပ်ထားခြင်းခံရပြီး ဖြစ်သည်။ ထိုစက်ရုံမှာ ဟောင်ကောင်ပိုင် ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် AMG အထည်ချုပ်စက်ရုံကို စီမံခန့်ခွဲ ခဲ့သည်။ (သမ္မတ ဦးသိန်းစိန် ထံမှ လူမှု့ဝန်ဆောင်မှု ဆုအား ရရှိခဲ့ပါသည်။) ၂၀၁၄ စီမံချက် ၆ လ၊ ပြင်သစ် ငွေအထောက်အပံ့ဖြင့် မသန်စွမ်းသူ အယောက် ၄၀ အား အဖွဲ့ ၃ ဖွဲ့ ခွဲကာ မြန်မာအထည်ချုပ်လုပ်ငန်းရှင်များ အသင်းမှ မြန်မာအထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စင်တာ မှ သင်တန်းပေးအပ်ခြင်း ဖြစ်သည်။ ထို အယောက် ၄၀ ထဲမှ ၃၃ ယောက်သည် စက်ရုံ ၂ ခု တွင် အလုပ်ခန့်အပ်ထားခြင်းခံရပြီး ဖြစ်သည်။ ထိုစက်ရုံအများစုမှာ ဟောင်ကောင်ပိုင် ဖြစ်သည်၊ မြန်မာနိုင်ငံသား စီမံခန့်ခွဲသော AMG အထည်ချုပ်စက်ရုံသည် (သမ္မတ ဦးသိန်းစိန် ထံမှ လူမှု့ဝန်ဆောင်မှု ဆုအား ရရှိခဲ့ပါသည်။)
- ဂျပန်တွေ (AAR ?) မှ ဦးစီးလည်ပတ်လျှက်ရှိသည့် ကျိုက်ဝိုင်းတွင် ရှိသည့် သက်မွေးဝမ်းကျောင်း သည် အစိုးရနှင့် ၂၀၀၀ ပြည့်နှစ် တွင် ပူးတွဲလုပ်ကိုင်လျှက်ရှိသည်။ အချုပ်အလုပ်အတတ်ပညာ သင်တန်း၊ ဆံပင်ညှပ် နှင့် ကွန်ပျူတာတို့တွင် သင်တန်းပေးအပ်လျှက်ရှိသည်။ အားနည်းချက်မှာ အလုပ်အကိုင်ရရှိမှု နှင့် ချိတ်ဆက်ထားမှု မရှိခြင်း ဖြစ်သည်။
- မြန်မာနိုင်ငံ စားဖိုမှူးများ အသင်းမှလည်း အားနည်းချက်ရှိသည့် လူငယ်လူရွယ်များ မျက်မမြင်များ အတွက်လည်း မုန့်ဖုတ်ခြင်း စားဖိုမှူး လေ့ကျင့်ပေးခြင်း စင်တာများ ကို လည်း တည်ထောင်ထားရှိပါသည်။
- မန္တလေးရှိ မိုဘိုင်း(လ်) ဖုန်း ကျွမ်းကျင်ပညာရှင်များ အုပ်စု (MPPG) မှ ဦးစီးဆောင်ရွက်သည့် မိုဘိုင်း(လ်) ဖုန်း ဝန်ဆောင်မှု နှင့် လေ့ကျင့်ပေးခြင်း စင်တာ။ (၈၆ လမ်း နှင့် ၃၄လမ်း၊ ၀၉-၉၇၂၅၇၅၇၆၈)

- Myanmar Education Consortium, focus on education sector only
- UNCRPD Alternative Report Writing Training - collaboration among World Learning, USICD, and MFPD funded by USAID through Fhi360.